# ပြည်သူ့လွှတ်တော်ရုံး

## သုတေသနဌာန

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက်

# ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ပို့ကုန်အရည်အသွေးမြှင့်တင်ရေးကဏ္ဍ


**အကျဉ်းချုပ်**

ကိုဗစ်ကာလတွင် ကမ္ဘာ့စီးပွားရေးတုန့်ဆိုင်းမှုကြောင့် တစ်ကမ္ဘာလုံးနှင့်ဆက်စပ်နေသည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆက်တိုက်ကျဆင်းလျက်ရှိပါသည်။ နိုင်ငံတိုင်းတွင် စီးပွားရေးအကျပ်အတည်းဒဏ်ကိုတွေ့ကြုံနေရပြီး ပြန်လည်နိုးထလာစေရေး လုပ်ဆောင်မှုများ (Stimulus Measures) ကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် Trade deficit ကြီးကြီးမားမား မဖြစ်ပေါ်ရန်နှင့် ပို့ကုန်ကျဆင်းမှုကို ကာကွယ်ပြီး ရေရှည်တွင် နိုင်ငံ၏ထွက်ကုန်များ တိုးတက်ရရှိရန် နိုင်ငံတကာစံနှုန်းများနှင့်အညီ ပို့ကုန်အရည်အသွေးကို ထိန်းထားရန် လိုအပ်ပါသည်။ အရည်အသွေးပိုင်းကို မြှင့်တင်ခြင်းသည် ပို့ကုန်လုပ်ငန်းရှင်များအတွက် ရေရှည်တွင် ကုန်ပစ္စည်းများ တင်ပို့ရောင်းချနိုင်ရန် အထောက်အပံ့ဖြစ်စေသည့်အပြင် တိုင်းပြည်၏ပုံရိပ်အတွက်ပါ အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှာ ပါဝင်နေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အရည်အသွေးထိန်းသိမ်းရန် များစွာသောအစီအမံများ ဆက်လက်ဆောင်ရွက်ရန်လိုအပ်သည့်အပြင် မြန်မာ့ထွက်ကုန်များအတွက် အရည်အသွေး အာမခံပေးမည့်အားကောင်းသည့်ယန္တရားတစ်ခုလည်း လိုအပ်လျက်ရှိပါသည်။

ဤစာတမ်းတိုတွင် မြန်မာနိုင်ငံပို့ကုန်အချို့၏အရည်အသွေးပိုင်းဆိုင်ရာလိုအပ်ချက်များ၊ ပို့ကုန်အရည်အသွေးစီမံခန့်ခွဲမှု၊ စံချိန်စံနှုန်းရေးဆွဲခြင်း၏ အကျိုးကျေးဇူးများ၊ အရည်အသွေး ကိုက်ညီမှုစစ်ဆေးရေး အဖွဲ့အစည်းများကို အသိအမှတ်ပြုခြင်းမှ ရရှိလာမည့်အကျိုးကျေးဇူးများ၊ ပညာရှင်များ၏အကြံပြုချက်များနှင့် အိန္ဒိယနိုင်ငံ၏ ပို့ကုန်အရည်အသွေးထိန်းချုပ်ခြင်းနှင့် စစ်ဆေးခြင်းဥပဒေနှင့် ဗီယက်နမ်နိုင်ငံ၏ ကုန်ပစ္စည်းထုတ်လုပ်ခြင်းနှင့် အရည်အသွေးဆိုင်ရာဥပဒေတို့ကို လေ့လာသိရှိနိုင်စေရန် စုစည်းရေးသားပြုစုထားပါသည်။


သုတေသနစာတမ်းတို အမှတ်စဉ် (၁၃၅ )

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ရည်ရွယ်ချက် | ၃ |
| ၃။ | အချက်အလက်များဖော်ပြမှု နည်းနာနိဿယများ | ၄ |
| ၄။ | မြန်မာနိုင်ငံရှိပို့ကုန်အချို့၏ အရည်အသွေးလိုအပ်ချက်များ | ၄ |
| ၅။ | အရည်အသွေးပိုင်းဆိုင်ရာအခြေခံအဆောက်အဦ | ၆ |
| ၆။ | အရည်အသွေးစီမံခန့်ခွဲခြင်း(Quality Management – QM) | ၆ |
| ၇။ | အစိုးရ၏ဆောင်ရွက်ချက်များ | ၇ |
| ၈။ | စံချိန်စံနှုန်းရေးဆွဲခြင်းမှ ရရှိလာမည့်အကျိုးကျေးဇူးများ | ၉ |
| ၉။ | အရည်အသွေးကိုက်ညီမှု စစ်ဆေးရေးအဖွဲ့များအား အသိအမှတ်ပြုခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ | ၁၁ |
| ၁၀။ | လွှတ်တော်၏ဆောင်ရွက်ချက်များ | ၁၂ |
| ၁၁။ | ကမ္ဘာ့အဖွဲ့အစည်းများနှင့် ပညာရှင်များ၏အကြံပြုချက်များ | ၁၃ |
| ၁၂။ | အိန္ဒိယနိုင်ငံ၏ ပို့ကုန် (အရည်အသွေးထိန်းချုပ်ခြင်းနှင့်စစ်ဆေးခြင်း) အက်ဥပဒေ | ၁၄ |
| ၁၃။ | ဗီယက်နမ်နိုင်ငံ၏ ကုန်ပစ္စည်းထုတ်လုပ်ခြင်းနှင့် အရည်အသွေးဆိုင်ရာဥပဒေ | ၁၅ |
| ၁၄။ | သုံးသပ်ချက် | ၁၇ |
| ၁၅။ | နိဂုံး | ၁၈ |

## နိဒါန်း

၁။ နိုင်ငံတိုင်း စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို ကြိုးပမ်းလုပ်ဆောင်ရာတွင် ကုန်သွယ်မှုကဏ္ဍသည် ဦးဆောင်ကဏ္ဍ (Leading sector) ဖြစ်သည့်အတွက် ကုန်သွယ်မှုသည် တိုးတက်မှု၏ မောင်းနှင်အား (Trade is engine of growth) ဟု စီးပွားရေးပညာရှင်များက ခံယူသတ်မှတ်ထားသည်။ အာရှ၏ ထွန်းတောက်လာမည့် အလားအလာအကောင်းဆုံးထဲတွင် မြန်မာနိုင်ငံကို ကမ္ဘာက အသိအမှတ်ပြု လာခြင်းတို့သည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ထူးကဲသည့်အခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။ ထို့အတွက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် တိုင်းပြည် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် တစ်နည်းအားဖြင့် ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံဖြင့် လက်ရှိတင်ပို့နေသော ပို့ကုန်များ၏ အရေအတွက် သာမက အရည်အသွေးကိုပါ တိုးတက်လာရန် မဖြစ်မနေအထူးကြိုးစားဆောင်ရွက်ရမည် ဖြစ်ပါသည်။[1]

၂။ ပို့ကုန်အရည်အသွေး မြှင့်တင်ခြင်းဆိုသည်မှာ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အရည်အသွေး စံချိန်စံညွှန်းပြည့်မီအောင် တိကျစွာလိုက်နာ၍ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက် များနှင့် ကိုက်ညီစွာထုတ်လုပ်ခြင်း ဖြစ်ပါသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးသန်းရောင်းဝယ်မှု ပြုရာတွင် စံချိန်စံညွှန်းသတ်မှတ်ချက်များသည် အရေးပါလှေ့ရှိပြီး နိုင်ငံတကာစံချိန်စံညွှန်းများနှင့် လိုက်လျောညီထွေဖြစ်ပါက ကုန်သွယ်မှု ပိုမိုလွယ်ကူချောမွေ့စေပါသည်။ ရောင်းဝယ်သည့် ကုန်စည်၏ အရည်အသွေးသတ်မှတ်ချက်တွင်လည်းကွာခြားမှုရှိပြီး အရည်အသွေးသတ်မှတ်ချက်မှာ အဆင့်မြင့်မားရန်လိုအပ်ပြီး ဝယ်ယူသူမှ ကျေနပ်လက်ခံသည့် အရည်အသွေးမျိုးဖြစ်ရန် လိုအပ်ပါသည်။

## ရည်ရွယ်ချက်

၃။ ဤစာတမ်းတိုအား ရေးသားရခြင်း၏ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

(က) မြန်မာ့ထွက်ကုန်များအတွက် အရည်အသွေး အာမခံပေးမည့် အားကောင်းသည့် ယန္တရားတစ်ခု ပေါ်ပေါက်လာစေရေးအတွက် အထောက်အကူပြုစေရန်၊

[1]ပို့ကုန်ဖွံ့ဖြိုးမှုအတွက် လိုအပ်နေသည့် အမျိုးသားပို့ကုန် မဟာဗျူဟာ ၊ {available from ; https://www.commercejournal.com.mm/15312} {ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့)

(ခ) မြန်မာနိုင်ငံ၏ ပို့ကုန်များကို အရည်အသွေးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုကို သိရှိစေရန်၊

(ဂ) ပို့ကုန်အရည်အသွေးနှင့်စပ်လျဉ်း၍ ဥပဒေတစ်ရပ် ပေါ်ပေါက်လာစေရန်နှင့်

(ဃ) အိန္ဒိယနိုင်ငံတွင်ပြဋ္ဌာန်းထားသော ပို့ကုန်အရည်အသွေးထိန်းချုပ်ခြင်းနှင့် စစ်ဆေးခြင်းဥပဒေကို သိရှိနိုင်စေရန်တို့ ဖြစ်ပါသည်။

## အချက်အလက်များဖော်ပြမှု နည်းနာနိဿယများ

၄။ ဤစာတမ်းတိုတွင် အစိုးရ webite များ၊ World Bank ၏ အစီရင်ခံ၊ လွှတ်တော်အစည်းအဝေးမှတ်တမ်းစာအုပ်များ၊ ဂျာနယ်များ၊ အိန္ဒိယအစိုးရ၏ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန Webiste များမှ ကိုးကားထားပါသည်။

## မြန်မာနိုင်ငံရှိပို့ကုန်အချို့၏ အရည်အသွေးလိုအပ်ချက်များ

၅။ ပို့ကုန်ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ ပို့ကုန်အမျိုးအမည် အရေအတွက်တိုးတက်ခြင်း သာမက ပို့ကုန်အရည်အသွေး တိုးတက်မှုကိုပါ ဆိုလိုခြင်းဖြစ်ပါသည်။[2] အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် မြန်မာနိုင်ငံတွင်လက်ရှိထုတ်လုပ်သည့် ပို့ကုန်အမျိုးအမည်အချို့၏ လိုအပ်ချက်များကို အောက်ပါဇယားအတိုင်း တွေ့ရှိရပါသည် -

| စဉ် | ထုတ်ကုန်အမည် | အရည်အသွေးပြည့်မီရန် လိုအပ်ချက်များ |
|---|---|---|
| (က) | ဆန် | ခေတ်မီစက်များမရှိခြင်း၊ ခေတ်မီဆန်စပါးကြိတ်ခွဲရေးလုပ်ငန်းကြီးများလိုအပ်ခြင်းနှင့် အရည်အသွေးကောင်းသော ဓာတ်မြေဩဇာလိုအပ်ခြင်း၊[3] |
| (ခ) | ပဲအမျိုးအမျိုးနှင့် ဆီထွက်သီးနှံ၊ | ဓာတုဓာတ်ကြွင်းကင်းစင်စေရေးကိုစီမံခန့်ခွဲနိုင်ရန်၊ အရည်အသွေးကောင်းနှင့် မျိုးကောင်းမျိုးသန့်ကိုသာရွေးချယ်စိုက်ပျိုးရန် လိုအပ် |

[2]ဒေါက်တာမောင်အောင်၊ ပို့ကုန်ဖွံ့ဖြိုးမှုဖြင့် မြန်မာ့စီးပွားရေးကြိုးစားမြင့်တင်ကြစို့၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ၊ ၁၀ ရက်၊ {available from: https://www.moi.gov.mm/npe:zg/?q=article/10/10/2018/id-54593} (accessed date ၂၀၁၉ ခုနှစ် မေလ ၂၀ ရက်နေ့)

[3] ပြန်ကြားရေးဝန်ကြီးဌာန၊ အရည်အသွေးကောင်းဆန်စပါးများ ထုတ်လုပ်နိုင်ရန် ခေတ်မီဆန်စပါး ကြိတ်ခွဲရေးလုပ်ငန်းကြီးများသည်အရေးပါ၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ { available from:L https://www.moi.gov.mm/npe/?q=news/29/06/2015/id-25272} {accessed date ၂၀၁၉ ခုနှစ်၊ မေလ ၂၁ ရက်နေ့}

| စဉ် | ထုတ်ကုန်အမည် | အရည်အသွေးပြည့်မီရန် လိုအပ်ချက်များ |
|---|---|---|
| | | ခြင်းနှင့် ရိတ်သိမ်းဆွတ်ခူးချိန်မှန်ကန်၍ ရိတ်သိမ်းလှန်းချိန်တွင် နည်းပညာအပြည့်အဝ အသုံးချနိုင်ရန်လိုအပ်ခြင်း၊[4] |
| (ဂ) | ရေထွက်ကုန် ပစ္စည်းများ၊ | နည်းပညာဆိုင်ရာအခက်အခဲရှိခြင်း၊ သန့်ရှင်းသပ်ရပ်မှု၊ ကျန်းမာရေးနှင့် ကိုက်ညီမှုရှိရန်လိုအပ်ခြင်း၊ [5] |
| (ဃ) | အထည်အလိပ်နှင့် အဝတ်အထည်၊ | ကျွမ်းကျင်လုပ်သားများလိုအပ်ခြင်း၊ ခေတ်မီစက်နှင့်စက်ပစ္စည်း ကိရိယာများလိုအပ်ခြင်း၊ အထည်အလိပ်နှင့် အဝတ်အထည်ဆိုင်ရာ အထူးဇုန်တည်ထောင်ရန်လိုအပ်ခြင်း၊ နိုင်ငံတကာအဆင့်မီ physical ဆိုင်ရာနှင့် chemical ဆိုင်ရာဓါတ်ခွဲခန်းများ ( Textile Laboratory ) တည်ထောင်ရန် လိုအပ်ခြင်း၊[6] |
| (င) | ရာဘာ | ထုတ်ယူမှုနည်းစနစ်မှန်ရန် လိုအပ်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ခြင်းနှင့် သုတေသနမရှိခြင်း၊[7] |
| (စ) | သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် | ရေကြောင်းနှင့်လေကြောင်းမှ တင်ပို့နိုင်မှု လိုအပ်ခြင်း၊ အအေးခန်း ကွန်တိန်နာများလိုအပ်ခြင်းနှင့် သိုလှောင်ခြင်းများဆောင်ရွက်နိုင်မှု လိုအပ်ခြင်း၊[8] |

[4] အောင်ဆန်း(စိုက်ပျိုးရေး)၊ အသက်ရှူချောင်လာတော့မည့် မြန်မာပဲလောကဈေးကွက်၊ { available from: **https://tinyurl.com/y2s5uhpe}{accessed date ၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်နေ့}**

[5] မြန်မာ့ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် တွေ့ကြုံရသော အခြေအနေများ၊ စိန်သံ၊ { available from: https://tinyurl.com/yd5v3ub3} {accessed date ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

[6] ချည်မျှည်နှင့် အထည်အလိပ် နည်းပညာပူးပေါင်းဆောင်ရွက်မည့် အစီအစဉ် မိတ်ဆက်ပွဲအခမ်းအနား၊ {available from: https:// www. textiledirectory .com.mm/fashion/events-shows/item/2058-textile-and-garment-technology.html} {accessed date ၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်နေ့}

[7] ခင်မြနွယ်(myantrade) ၊ ရော်ဘာနဲ့ ဒေသထွက်ကုန်များ အရည်အသွေးကောင်းမွန်ပြီး ပြည်ပပို့ကုန် ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး ၊ { available from: https://preview.tinyurl.com/rcnxa95} accessed date ၂၀၁၉ ခုနှစ် ဇွန်လ ၅ ရက်နေ့}

[8] Commerce journal ၊ {available from: https://www.commercejournal.com.mm/coverstory/17197} {accessed date ၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက်}

## အရည်အသွေးပိုင်းဆိုင်ရာ အခြေခံအဆောက်အဦ

၆။ ပို့ကုန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝယ်ယူသုံးစွဲသည့်နိုင်ငံများ၏လိုအပ်ချက်များကို ပေးနိုင်ရန် အရည်အသွေးပိုင်းဆိုင်ရာအခြေခံအဆောက်အဦအား မည်ကဲ့သို့တည်ဆောက်ရမည်ကို စဉ်းစားရန်လိုအပ်ပါသည်။ အရည်အသွေးပိုင်ဆိုင်ရာအခြေခံအဆောက်အဦးဆိုသည်မှာ နည်းပညာဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းရန်၊ စံချိန်စံနှုန်းများသတ်မှတ်ရန်၊ စမ်းသပ်စစ်ဆေးရန်၊ တရားဝင်အထောက်အထားလက်မှတ်ရရှိရန်၊ တရားဝင်အသိအမှတ်ပြုရန်နှင့် တိကျမှန်ကန်သည့် တိုင်းတာမှုများရှိရန်တို့ဖြစ်ပါသည်။ နိုင်ငံတကာနှင့်ကုန်သွယ်ရာ၌ လုံခြုံဘေးကင်းမှုနှင့် အရည်အသွေးပိုင်းတို့တွင်အောင်မြင်မှုရရှိရန် အစိုးရအဖွဲ့အစည်းများ၊ ပါဝင်ပတ်သက်သူများနှင့် အသုံးပြုသူတို့ ပူးပေါင်းပါဝင်လုပ်ဆောင်ရမည့် အရည်အသွေးပိုင်းဆိုင်ရာ အခြေခံအဆောက်အဦတစ်ခု ရှိရမည်ဖြစ်ပါသည်။

## အရည်အသွေးစီမံခန့်ခွဲခြင်း(Quality Management – QM)

၇။ အရည်အသွေးစီမံခန့်ခွဲခြင်း (Quality Management – QM) ဆိုသည်မှာ လိုအပ်သောအရည်အသွေးအဆင့်ကို ဆက်လက်ထိန်းသိမ်းထားရန် ဆောင်ရွက်ရမည့် လုပ်ဆောင်မှုများနှင့် တာဝန်များကို ကြီးကြပ်ခြင်းဖြစ်ပါသည်။ အရည်အသွေးစီမံခန့်ခွဲရာတွင် အစိတ်အပိုင်း (၄) ခု ပါဝင်ပါသည်။ ၎င်းတို့မှာ –

(က) အရည်အသွေးစီမံကိန်းရေးဆွဲခြင်း (Quality Planning – QP)

(ခ) အရည်အသွေးထိန်းချုပ်ခြင်း (Quality Control – QC)

(ဂ) အရည်အသွေးအာမခံခြင်း(Quality Assurance – QA)နှင့်

(ဃ) အရည်အသွေးတိုးမြှင့်ခြင်း (Quality Improvement – QI) တို့ ဖြစ်ပါသည်။[9]

၈။ မြန်မာ့ပို့ကုန်တင်ပို့သူများအတွက် ဈေးကွက်အများအပြားမှ ကမ်းလှမ်းသည့်အခွင့်အလမ်းများစွာရှိသော်လည်း အရည်အသွေးအတွက် တောင်းဆိုချက်များစွာရှိနေပါသည်။ မြန်မာနိုင်ငံ၏

[9] Export quality Management စာအုပ်မှ ကောက်နုတ်ထားပါသည်။ (ဖတ်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၄ ရက်နေ့)

ထုတ်လုပ်သူများနှင့် ပို့ကုန်တင်ပို့သူများမှ များစွာသော အရည်သွေးတောင်းဆိုချက်များ အလိုက် အရည်အသွေးပိုင်းကို စီစဉ်တင်ပို့နိုင်သောကြောင့် ထုတ်လုပ်သူနှင့် တင်ပို့သူများအတွက် ကောင်းကျိုးတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် တင်ပို့ကုန်စျေးကွက်၏အရည်အသွေးတောင်းဆိုချက်များနှင့် စွမ်းဆောင်ရည်တို့ကို ချိန်ညှိနိုင်သည့်နည်းလမ်း ရှာဖွေနိုင်ခြင်းသည် အရည်အသွေးပိုင်း စီမံခန့်ခွဲမှုတို့အတွက် အလွန်အရေးကြီးပါသည်။

## အစိုးရ၏ဆောင်ရွက်ချက်များ

၉။ နိုင်ငံတော်အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပိုမိုဝင်ရောက်လာရေးနှင့် ပို့ကုန်မြှင့်တင်ရေးတို့အတွက် စီးပွားရေးမူဝါဒ (၁၂) ရပ်ကို လက်တွေ့အကောင်အထည်ဖော်၍ အလေးထားဆောင်ရွက်လျက်ရှိပါသည်။[10] ထို့အပြင် အစိုးရ၏မျှော်မှန်းချက်မှာ ပို့ကုန် သုံးဆတိုးမြှင့်ရေးနှင့် သွင်းကုန်အစားထိုးလုပ်ငန်းများအောင်မြင်ရေးတို့ ဖြစ်ပါသည်။[11]

၁၀။ ပို့ကုန်အရည်အသွေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များချမှတ်ခြင်း၊ လုပ်ထုံးလုပ်နည်းများဖြေလျှော့ခြင်း၊ ပုဂ္ဂလိကကဏ္ဍကို အားပေးခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များတင်ပို့နိုင်ရေးအားပေးခြင်း၊ GSP (Generalized Scheme of Preferences) ကဲ့သို့ ပို့ကုန်ဆိုင်ရာအခွန်သက်သာခွင့်ရရှိပြီး လုပ်ငန်းရှင်များ ပို့ကုန်စျေးကွက်တိုးချဲ့တင်ပို့နိုင်ရေးကိစ္စများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပို့ကုန်အရည်အသွေးနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်လျက်ရှိပါသည်[12]–

(က) **အမျိုးသားအဆင့်အရည်အသွေးအခြေခံအဆောက်အဦ။** အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာနကို ၁၉၅၆ ခုနှစ်တွင် နည်းပညာအထောက်အပံ့ပေးသည့် ဌာနတစ်ခုအဖြစ် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ ယခုအခါ အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာနသည် စံချိန်စံညွှန်းရေးဆွဲရေးဌာနခွဲ၊ အသိအမှတ်ပြု

[10] Aim for trade၊ ministry of commerce၊ { available from: https://www.commerce.gov.mm/eif/my/content/101} {accessed date ၂၀၁၉ ခုနှစ် ဇွန် လ ၂၅ ရက်)
[11] နီလာ၊ သွင်းကုန်လျှော့ကျခြင်းနှင့် ကုန်သွယ်ရေးလိုငွေ လျှော့ကျခြင်း၊ ၂၀၁၉ ခုနှစ် ဇွန်လ ၁၆ ရက်နေ့၊ {available from: https://news-eleven.com/article/117077} {accessed date ၂၀၁၉ ခုနှစ် ဇူလိုင် ၃ ရက်နေ့)
[12] စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ {available from: **https://tinyurl.com/yy99nrc8} {accessed date ၂၀၁၉ ခုနှစ် ၊ ဇူလိုင်လ ၂၂ ရက်နေ့)**

ဌာနခွဲနှင့် တိကျစွာတိုင်းတာခြင်း နည်းပညာဌာနခွဲတို့သည် အမျိုးသားအရည်အသွေး အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရန် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။[13] မြန်မာနိုင်ငံတွင် အမျိုးသားစံချိန်စံညွှန်းနှင့်ပတ်သက်၍ စံချိန်စံညွှန်းများ ရေးဆွဲရန် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၈ ဖြင့် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ဥပဒေအရ အမျိုးသားစံချိန်စံညွှန်းကောင်စီနှင့် စံချိန်စံညွှန်း လုပ်ငန်းကော်မတီ တစ်ရပ်ကို ဖွဲ့စည်းထားပါသည်။

(ခ) **ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာန ။** ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလတွင် ယခင် ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးချဌာန (Post-Harvest Technology Application Center, PTAC) အား ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစု (Commodity Testing and Quality Management- CTQM) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ လယ်ယာထွက်ကုန်သီးနှံတို့၏ဈေးကွက်ဖွံ့ဖြိုးမှု ဖြစ်ပေါ်လာစေရေးအတွက် အထောက်အပံ့ပြုရန်၊ နိုင်ငံနှင့်ကိုက်ညီမည့် ရိတ်သိမ်းချိန်လွန်နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှုများ လျော့နည်းကျဆင်းစေရန်နှင့် လယ်ယာထွက်ကုန်သီးနှံများ အရည်အသွေးထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (CTQM) အားဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။ CTQM သည် စံချိန်စံညွှန်းရေးဆွဲရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး ဓာတ်ခွဲစမ်းသပ်မှုများအနေဖြင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဧပြီလအထိ စမ်းသပ်စစ်ဆေးမှုပေါင်း (၁၅၁၁) ခုကို စမ်းသပ်စစ်ဆေးနိုင်ခဲ့ပါသည်။[14]

(ဂ) **အမျိုးသားပို့ကုန်မဟာဗျူဟာ။** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပို့ကုန်တိုးမြှင့်လာရေးအတွက် ၂၀၁၅-၂၀၁၉ အမျိုးသားပို့ကုန်မဟာဗျူဟာကို

---

[13] အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာန၊ {available from: https://www.myanmarstandards.org.mm/mm/national-standards-and-quality-department/} { accessed date ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့)

[14] ခင်ရတနာ၊ စားသုံးသူအခွင့်အရေး အပြည့်အဝမရခဲ့ရင် တိုင်ကြားပါ၊ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၄ ရက်နေ့ထုတ် ကြေးမုံ သတင်းစာ၊ စာမျက်နှာ ဖ မှ ကောက်နုတ်ရရှိပါသည်။ (ဖတ်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၁ ရက်နေ့)

ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးနောက် ဒုတိယ ၅ နှစ်သက်တမ်းရှိ ၂၀၂၀- ၂၀၂၅ တွင် ပိုကုန့်အထောက်အကူပြုမည့်လုပ်ငန်းအနေဖြင့် အရည်အသွေးမြှင့်တင်ရေးကဏ္ဍတို့ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(ဃ) **မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက်** (Myanmar Inspection and Testing Services – **MITS)**။ MITS အဖွဲ့အစည်းသည် ကုန်သွယ်မှုဆိုင်ရာ လိုအပ်သည့်စစ်ဆေးခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် အစိုးရအသိအမှတ်ပြုအဖွဲ့အစည်းပင် ဖြစ်ပါသည်။ MITS သည် ကုန်ပစ္စည်း စစ်ဆေးရေး ဆောင်ရွက်ရာတွင် ကုန်ပစ္စည်းများ၏အမျိုးအစား၊ အရည်အသွေး၊ အဆင့်အတန်း၊ အရေအတွက်နှင့် ထုတ်ပိုးမှုစနစ်စသည်တို့ကို စာချုပ်ပါသက်မှတ်ချက်အတိုင်းရရှိရေးတွင် ရောင်းသူနှင့်ဝယ်သူအကြား အတည်ပြုအာမခံချက်ရရှိစေရန်၊ ကုန်သွယ်မှုအငြင်းပွားခြင်းကိစ္စရပ်များမဖြစ်ပေါ်စေရန်နှင့် မှန်ကန်သောပစ္စည်းများ ရရှိစေရန်၊ ပစ္စည်းအရေအတွက်နှင့် အရည်အသွေးမှန်ကန်မှုအရ တန်ဖိုးအပြည့်အဝ ရရှိစေရန် စစ်ဆေးပေးသကဲ့သို့ ပစ္စည်းမမှန်ကန်မှု၊ အရည်အသွေးမမီမှု၊ ပျက်စီးချို့ယွင်းမှု၊ လျော့နည်းပျောက်ဆုံးမှုများရှိခဲ့လျှင် တစ်ဖက်မှတစ်ဖက်သို့ ပစ္စည်းအစားထိုးတောင်းခံနိုင်မှု၊ လျော်ကြေးတောင်းခံရာတွင် သက်သေအထောက်အထား ဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။[15]

## စံချိန်စံနှုန်းရေးဆွဲခြင်းမှ ရရှိလာမည့်အကျိုးကျေးဇူးများ

၁၁။ စံချိန်စံညွှန်းဆိုသည်မှာ အများသဘောတူညီမှုဖြင့် ပြုစုရေးဆွဲထားပြီး စံချိန်စံညွှန်းဆိုင်ရာ လုပ်ပိုင်ခွင့်ရှိသောအဖွဲ့အစည်းက အတည်ပြုထား၍ သက်ဆိုင်ရာကဏ္ဍတွင် အသင့်တော်ဆုံးအနေအထားရရှိစေရန် ရည်ရွယ်လျှက် ပုံမှန်နှင့်အကြိမ်ကြိမ်အသုံးပြုမှုများ၊ စည်းမျဉ်းစည်းကမ်းများ၊ ဆောင်ရွက်ချက်များ သို့မဟုတ် ယင်းတို့၏အကျိုးဆက်များဆိုင်ရာ လမ်းညွှန်ချက်များ သို့မဟုတ်

[15] စာသုံးသူရေးရာဦးစီးဌာန၊ { available from ; https://www.doca.gov.mm/my/mits} လက်ခံရရှိသည့်ရက် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၅ ရက်)

သွင်ပြင်လက္ခဏာများအတွက် ဆန္ဒအလျောက် လိုက်နာနိုင်သည့်သတ်မှတ်ချက်များ ဖြစ်ပါသည်။[16] စံချိန်စံနှုန်းရေးဆွဲခြင်းမှ ရရှိလာမည့်အကျိုးကျေးဇူးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) စံချိန်စံညွှန်းများသည် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုတွင် အတားအဆီးများကို ဖယ်ရှားနိုင်ခြင်း၊

(ခ) စက်မှုကဏ္ဍစွမ်းဆောင်ရည်ကို မြင့်မားစေသော ထုတ်ကုန်များနှင့် ဝန်ဆောင်မှု လုပ်ငန်းများ၏ နည်းပညာဆိုင်ရာ သတ်မှတ်ချက်များကို တစ်ပြေးညီဖြစ်စေရန် ကူညီပေးခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းများတွင် ကုန်ကျစရိတ်ချွေတာနိုင်ခြင်း၊ ဝယ်ယူသုံးစွဲသူများ စိတ်ကျေနပ်မှုကို မြှင့်တင်ပေးနိုင်ခြင်း၊

(ဃ) ဈေးကွက်သစ်ကိုရရှိနိုင်ခြင်း၊

(င) ရှယ်ယာဈေးကွက်များကို မြှင့်တက်စေခြင်း၊

(စ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိစေနိုင်ခြင်း၊

(ဆ) စားသုံးသူများအနေဖြင့် လုံခြုံစိတ်ချ၍ အရည်အသွေးကောင်းမွန်သည့် ပစ္စည်း များကို သုံးစွဲရသည်ဟု ယုံကြည်စိတ်ချမှုရရှိနိုင်ခြင်း (နိုင်ငံသားများ၏ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လုံခြုံစိတ်ချရသော လူမှု အသိုက်အဝန်းတစ်ခုဖြစ်စေရန်)၊

(ဇ) နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ရေးရာမူဝါဒများအား ထောက်ပံ့ပေးနိုင်ခြင်း၊ (ဥပမာအားဖြင့် နည်းဥပဒေများရေးဆွဲရာတွင် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်း များအား ကိုးကားနိုင်ခြင်း)တို့ ဖြစ်ပါသည်။

---

[16] စံချိန်စံညွှန်းဖွံ့ဖြိုးတိုးတက်ရေးဌာန၊ {available from: https://www.myanmarstandards.org.mm/mm/standards-development-division/# 1550225436305-0e6ca388-6da6} {accessed date ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့}

## အရည်အသွေးကိုက်ညီမှု စစ်ဆေးရေးအဖွဲ့များအား အသိအမှတ်ပြုခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ

၁၂။ အသိအမှတ်ပြုခြင်းဆိုသည်မှာ ဓါတ်ခွဲခန်းများ၊ အရည်အသွေး စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် အရည်အသွေးထောက်ခံချက် ထုတ်ပေးသည့်အဖွဲ့များကဲ့သို့သော အရည်အသွေး ကိုက်ညီမှု စစ်ဆေးရေးအဖွဲ့များ၏ စွမ်းဆောင်ရည်ပြည့်ဝကျွမ်းကျင်မှုကို အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့်အညီ တတိယအဖွဲ့မှ တရားဝင်အသိအမှတ်ပြုခြင်း ဖြစ်ပါသည်။ အရည်အသွေး ကိုက်ညီမှု စစ်ဆေးရေးအဖွဲ့များ၏ အသိအမှတ်ပြုခြင်းမှ ရရှိလာမည့်အကျိုးကျေးဇူးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကုန်သွယ်မှုတွင် ကြုံတွေ့ရသော နည်းပညာဆိုင်ရာ အတားအဆီးများ လျှော့ချခြင်းကို ပံ့ပိုးပေးခြင်းဖြင့် နယ်ခြားဖြတ်ကျော်သည့် ကုန်စည်များနှင့် ဝန်ဆောင်မှုများ လွတ်လပ်စွာစီးဆင်းမှုကို အဆင်ပြေချောမွေ့စေခြင်း၊

(ခ) ကုန်ပစ္စည်းထုတ်လုပ်သူများသည် ၎င်းတို့၏ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို တစ်ကြိမ် စစ်ဆေးပြီးသည်နှင့် ပြန်လည်စစ်ဆေးခြင်း၊ ပြန်လည်ထောက်ခံချက် လက်မှတ်ထုတ်ယူခြင်း သို့မဟုတ် ပြန်လည်စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ရန် မလိုအပ်ဘဲ နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ခြင်း၊

(ဂ) အမျိုးသားအဆင့်ကုန်သွယ်မှုတွင်လည်း အသိအမှတ်ပြုခြင်းသည် အသိအမှတ်ပြုလွှာ ရရှိထားသော အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်းသည် ယုံကြည်မှုတိုးမြှင့်စေသောကိရိယာဖြစ်သဖြင့် ထုတ်ကုန်ပစ္စည်းများကို ယုံကြည်စိတ်ချရပြီး ငွေကြေး ကုန်ကျစရိတ်ကို လျှော့ချစေခြင်းစသည်တို့ ဖြစ်ပါသည်။

၁၃။ အဆိုပါအကျိုးကျေးဇူးများကြောင့် နိုင်ငံအသီးသီးရှိ အစိုးရများမှ အရည်အသွေး ကိုက်ညီမှုစစ်ဆေးခြင်းဆိုင်ရာလုပ်ဆောင်မှုများကို တိုးတက်လာစေရန် အရည်အသွေး အသိအမှတ်ပြုခြင်းကို အသုံးပြု၍လုပ်ဆောင်နေပါသည်။ အသိအမှတ်ပြုခြင်းသည် နိုင်ငံတစ်နိုင်ငံတွင်

ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းလုံခြုံ စိတ်ချမှုရရှိစေရေးအတွက် များစွာအထောက်အပံ့ ပြုလျက်ရှိနေပါသည်။[17]

## လွှတ်တော်၏ဆောင်ရွက်ချက်များ

၁၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် အရောင်းအဝယ်စနစ်တွင် နိုင်ငံတကာစံနှုန်းနှင့်အညီ ကုန်ပစ္စည်းအမျိုးအမည်လိုက်၍ စံယူနစ်တစ်ခုတည်းသောအသုံးအနှုန်းကို ဥပဒေပြဌာန်းပေးနိုင်ရန်နှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းခဲ့ပြီး စံချိန်စံနှုန်းဥပဒေကို ပထမအကြိမ်လွှတ်တော်သက်တမ်းတွင် ပြဌာန်းခဲ့ပါသည်။

၁၅။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် ဒေါ်ချိုချို (အုတ်တွင်းမဲဆန္ဒနယ်) က လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသောကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင်တန်ဖိုးမြှင့်ကုန်ပစ္စည်းများဖြစ်အောင် ပြည်တွင်း၌ပင် အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် အစိုးရသို့တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခဲ့ပြီး လွှတ်တော်၌ အတည်ပြုခဲ့ပါသည်။

၁၆။ (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ဦးစိန်ဝင်း (မအူပင်မဲဆန္ဒနယ်) မှ လယ်ယာသားငါးကဏ္ဍ ထုတ်လုပ်မှု၊ အထွက်နှုန်း၊ အရည်အသွေးမြင့်မား၍ နိုင်ငံခြားသို့ တင်ပို့နိုင်စေရန် သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေးစနစ် (Research and Extension System) ကို အားပေးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခဲ့ပြီး လွှတ်တော်၌ အတည်ပြုခဲ့ပါသည်။

၁၇။ ပြည်သူ့လွှတ်တော် ၁၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဦးစိန်ဝင်း (မအူပင်မဲဆန္ဒနယ်) မှ နိုင်ငံခြားတင်ပို့နိုင်သည့် ထုတ်ကုန်များ ပမာဏပိုမိုမြင့်မားလာရန်အတွက် အရည်အသွေးထိန်းနိုင်သည့် အဆင့်မြှင့်သိုလှောင်ရုံများ ထားရှိရန်နှင့် ထွက်ကုန်များကို တန်ဖိုးမြင့်ထုတ်လုပ်မှုစက်ရုံများ တည်ဆောက်သွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခဲ့ရာ

[17]အမျိုးသားစံချိန်စံညွှန်း အရည်အသွေးဌာန။{available from:https://www.myanmarstandards.org.mm/mm/accreditation-division/# 15502331 20403-11030a6c-5fce} {accessed date ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ၅ရက်နေ့}

ဦးမင်းသိုင်း ဘိုကလေးမဲဆန္ဒနယ်မှ အတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့သည့်အတွက် လွှတ်တော်မှ အတည်ပြုခဲ့ပါသည်။[18]

## ကမ္ဘာ့အဖွဲ့အစည်းများနှင့် ပညာရှင်များ၏အကြံပြုချက်များ

၁၈။ မြန်မာပို့ကုန်များ၏ အရည်အသွေးပိုင်းဆိုင်ရာ အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) **ကမ္ဘာ့ဘဏ်။** မြန်မာနိုင်ငံအနေဖြင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ပို့ကုန်အရည်အသွေးမြှင့်တင်ရန် နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်း များအတိုင်း သတ်မှတ်ကျင့်သုံးခြင်း၊ အမျိုးသားအဆင့်အရည်အသွေး အသိအမှတ်ပြု အဖွဲ့အစည်းဖွဲ့စည်းခြင်း၊ မြန်မာ့ထွက်ကုန်များအတွက် အရည်အသွေးပိုင်းကို အာမခံပေးမည့် အားကောင်းသည့်ယန္တရားတစ်ခုကို ထူထောင်ရန် စသည်ဖြင့် အကြံပြုထားပါသည်။

(ခ) **စီးပွားရေးပညာရှင်။** ပို့ကုန်တန်ဖိုးမြှင့်တင်နိုင်ရန် တန်ဖိုးမြင့်ပို့ကုန်ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးခြင်း၊ ပို့ကုန်၊ သွင်းကုန်ဘဏ်ဖွင့်လှစ်ပေးခြင်း၊ MYANTRADE ၏ အခန်း ကဏ္ဍကိုမြှင့်တင်ပေးခြင်း ပို့ကုန်မဟာဗျူဟာ (National Export Strategy–NES) ကိုလည်း ရလဒ်ကောင်းများထွက်ပေါ်လာသည်အထိ ဆက်လက်လုပ်ဆောင်ခြင်း စသည့်နည်းလမ်းများကို အသုံးပြုခြင်းသည် စီးပွားရေးအကျပ်အတည်းများ ဖြေရှင်း နိုင်သည့်အပြင် ရေရှည်တိုးတက်ဖွံ့ဖြိုးမှုကိုပါ ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။[19]

(ဂ) **စီးပွားကူးသန်း။** စိုက်ပျိုးရေးထုတ်ကုန်များအရည်အသွေးမြင့်မားစေရန်အတွက် စိုက်ပျိုးချိန်မှ သီးနှံပေါ်ချိန်အထိ အရည်အသွေးမှန်ကန်ရန်၊ ရေထွက်ပို့ကုန်များ အတွက် လေ့လာဆန်းစစ်မှုများရှိရန် လိုအပ်ပါသည်။ လက်တွေ့တွင် စာချုပ်ပါ အချက်အလက်များ နှင့်မကိုက်ညီသော အရည်အသွေးမပြည့်မီဘဲ အရောအနှော ပစ္စည်းများ ရောင်းချလိုက်နေသောကြောင့် နိုင်ငံတကာ ဈေးကွက်တွင် reject ထိ

[18] ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊(၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ ၁၃ ရက်မြောက်နေ့ (၃၀–၅–၂၀၁၉ ရက်နေ့)၊ ဦးစိန်ဝင်း မအူပင်မဲဆန္ဒနယ်၏ အဆို၊
[19] ဒေါက်တာမောင်အောင်၊ ပို့ကုန်ဖွံ့ဖြိုးမှုဖြင့် မြန်မာ့စီးပွားကြီးစားမြှင့်တင်ကြစို့၊ စာမျက်နှာ ၃၁၊ မြန်မာနိုင်ငံဘောဂဗေဒ အသင်းစာစောင်၊ အတွဲ (၃) ၊ အမှတ်(၂)၊ ၂၀၁၈ ခုနှစ်။

ပြီး ပြန်ပို့ခံရသည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးကျင့်ဝတ်များကို လိုက်နာရန် လိုအပ်ပါသည်။[20]

## အိန္ဒိယနိုင်ငံ၏ ပို့ကုန် (အရည်အသွေးထိန်းချုပ်ခြင်းနှင့်စစ်ဆေးခြင်း) အက်ဥပဒေ

၁၉။ အိန္ဒိယနိုင်ငံသည် ပို့ကုန်ပစ္စည်းများကုန်သွယ်ရာတွင် အရည်အသွေးကိုထိန်းချုပ်နိုင်ရန်နှင့် သင်္ဘောဖြင့်မတင်ပို့မီ ကုန်ပစ္စည်းစစ်ဆေးခြင်းကို ပိုမိုအားကောင်းလာစေရန် ပို့ကုန်အရည်အသွေး ထိန်းချုပ်ခြင်းနှင့် စစ်ဆေးခြင်းအက်ဥပဒေကို ၁၉၆၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ အက်ဥပဒေသည် အရည်အသွေးနိမ့်ကုန်ပစ္စည်းများ တင်ပို့ခြင်း ၊ လိုအပ်ချက်များနှင့် မကိုက်ညီသော ထုတ်ကုန်များအား တင်ပို့ခြင်းတို့ကို တားမြစ်ထားပါသည်။

၂၀။ အိန္ဒိယအစိုးရသည် ၁၉၆၃ ခုနှစ်တွင် ပြဋ္ဌာန်းထားသော ပို့ကုန် (အရည်အသွေးထိန်းချုပ်မှုနှင့်စစ်ဆေးခြင်း) အက်ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၎င်းဥပဒေအရ ၁၉၆၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ပို့ကုန်စစ်ဆေးရေးကောင်စီ (Export Inspection Council – EIC) နှင့် ပို့ကုန်စစ်ဆေးရေးအေဂျင်စီများ (Export Inspection Agencies – EIAs) ကို ဖွဲ့စည်းခဲ့ပါသည်။ EIC သည် အရည်အသွေးထိန်းချုပ်မှုနှင့်စစ်ဆေးခြင်းတို့အတွက် အစိုးရကိုအကြံပေးအဖွဲ့ အဖြစ် ဆောင်ရွက်လျက်ရှိပြီး EIA သည် ကုန်ပစ္စည်းများကိုစစ်ဆေးခြင်းနှင့် ပို့ကုန်တန်ဖိုးရှိ လက်မှတ်များကို ထုတ်ပေးသည့်အေဂျင်စီ ဖြစ်ပါသည်။

၂၁။ အိန္ဒိယအစိုးရသည် ကုန်သွယ်ရေးမူဝါဒအောက်တွင် ကုန်ပစ္စည်းများ၏ အရည်အသွေးကို မြှင့်တင်နိုင်ရန် ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်းများကို အားပေးတိုက်တွန်းလျက်ရှိပြီး ကမ္ဘာ့အဆင့်မီ အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် တင်ပို့နိုင်ရေးတို့အတွက် အိန္ဒိယနိုင်ငံ၏ ပို့ကုန် (အရည်အသွေးထိန်းချုပ်ခြင်းနှင့် စစ်ဆေးခြင်း) အက်ဥပဒေကို ပြဋ္ဌာန်းထားပါသည်။[21]

၂၂။ အဆိုပါဥပဒေကို ပြဋ္ဌာန်းခဲ့သည့်အတွက် အိန္ဒိယပို့ကုန်၏ ၄၀ ရာခိုင်နှုန်းခန့်ရှိသောကုန်ပစ္စည်း အမျိုးအမည် ၁ သိန်းကျော်ကို အသိအမှတ်ပြုလက်မှတ်များထုတ်ပေးနိုင်ခဲ့ပြီး သင်္ဘောပေါ်မတင်ပို့မီ မဖြစ်မနေစစ်ဆေး ပေးနိုင်ခဲ့ပါသည်။ ထို့ကြောင့် အဆိုပါဥပဒေဖြင့် ရွေးချယ်ထားသော ပို့ကုန်များ

[20] မြန်မာ့ပို့ကုန်ကဏ္ဍ၏လက်ရှိအခြေအနေ၊ ဘဏ္ဍာပို့စ်၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့၊ {available from: https://www.bandapost.org/myanmar-current-trade-condition/} {accessed date ၂၀၂၀ ပြည့်နှစ် မတ်လ ၂ ရက်နေ့}

[21] Export inspection council, Government of India (avaliable from; https://www.eicindia.gov.in/WebApp1/pages/ menuInfo/aboutUs.xhtml)

အတွက် တတိယအဖွဲ့အစည်းမှ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းဖြင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်နိုင်ခဲ့ပါသည်။[22]အိန္ဒိယနိုင်ငံတွင် ပြဋ္ဌာန်းထားသောပို့ကုန်(အရည်အသွေး ထိန်းချုပ်မှုနှင့် စစ်ဆေးခြင်း) အက်ဥပဒ၌ အောက်ပါအချက်များကို တွေ့ရှိရပါသည် –

(က) အဆိုပါဥပဒေကို ၁၉၆၃ ခုနှစ်ကတည်းက ပြဋ္ဌာန်းထားခြင်း၊

(ခ) တတိယအဖွဲ့အစည်းကို အားကောင်းစေရန် အဆိုပါဥပဒေတွင် ပြဋ္ဌာန်းထားခြင်း၊

(ဂ) အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ထားခြင်းတို့ ဖြစ်ပါသည်။

၂၃။ အိန္ဒိယအစိုးရသည် အရည်အသွေးမပြည့်မီသော ကုန်ပစ္စည်းများကို သင်္ဘောပေါ်သို့ တင်ပို့ခွင့်မပေးဘဲ ကုန်ပစ္စည်းများ၏ အရည်အသွေးကို ထိန်းချုပ်ခြင်းနှင့် စစ်ဆေးခြင်းသည် အိန္ဒိယနိုင်ငံ ပို့ကုန်လုပ်ငန်းရှင်များအတွက် နောက်ထပ်တင်ပို့နိုင်ခွင့် ဆက်လက်ရရှိမည့်အခွင့်အရေးကို ဖြစ်စေသည့်အပြင် အိန္ဒိယနိုင်ငံ၏ပုံရိပ်ကိုပါ မြှင့်တင်စေခဲ့ပါသည်။။[23]

## ဗီယက်နမ်နိုင်ငံ၏ ကုန်ပစ္စည်းထုတ်လုပ်ခြင်းနှင့် အရည်အသွေးဆိုင်ရာဥပဒေ

၂၄။ ဗီယက်နမ်နိုင်ငံသည် ၁၉၈၆ ခုနှစ်တွင် ဒွိုင်မွိုင် (Doi Moi) လွတ်လပ်သောပေါ်လစီကို စတင်ပြဋ္ဌာန်း အကောင်အထည်ဖော်ခဲ့ပြီးနောက် ပို့ကုန်ဦးဆောင်သော နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပါသည်။ ကမ္ဘာ့ပေါ်တွင် ထိပ်တန်းပို့ကုန်နိုင်ငံများစာရင်းတွင် ၁၈ နိုင်ငံမြောက်ဖြစ်လာပြီး အဓိက ကုန်သွယ်ဖက်နိုင်ငံများမှာ အမေရိကန်၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံများ ဖြစ်ပါသည်။[24]

၂၅။ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးသည် ပို့ကုန်ဦးဆောင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိနေပြီဖြစ်ပြီး ၎င်း၏ကုန်သွယ်ဖက်နိုင်ငံများမှာ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည့်အတွက် ပို့ကုန် အရေးအတွက် သာမက အရည်အသွေးကိုပါတိုးတက်အောင်ဆောင်ရွက်လျက်ရှိပါသည်။ ဗီယက်နမ် နိုင်ငံတွင် ပို့ကုန် အရည်အသွေးကို တိုးမြှင့်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိသည် –

(က) ၂၀၀၁ ခုနှစ်တွင် ၁၉၉၂ ခုနှစ် ဗီယက်နမ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၃ နှင့် ၁၀၆ ကို ပြင်ဆင်ခဲ့ပြီး အရည်အသွေးစီမံခန့်ခွဲမှုနည်းလမ်းများပါဝင်သည့် ထုတ်ကုန်

[22] https://www.questia.com/magazine/1G1-12109751/india-s-export-quality-control-system မှ ကောက်နုတ်ထားပါသည်။ (accessed date ၂၀၂၀ ပြည့်နှဏ် ဇူလိုင်လ ၄ ရက်နေ့)acc

[23]Quality Control and Pre-Shipment Inspection under International trade၊ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၆ ရက် { available from; https:/ /how to exportimport.com/Quality-Control-and-Pre-Shipment-Inspection-under--4469.aspx} {accessed date ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၇ ရက်)

[24]International trade center၊ {available from:https://www.trademap.org/Country_SelProduct.aspx မှ ကောက်နုတ်ထားပါသည်။ (ကြည့်ရှုသည့်ရက် ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက်နေ့)

များနှင့် ကုန်ပစ္စည်းများ၏အရည်အသွေးဆိုင်ရာဥပဒေကို ၂၀၀၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ခြင်း၊

(ခ) ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ၏ ကုန်ပစ္စည်းများ၏အရည်အသွေးစစ်ဆေးခြင်းကိစ္စရပ်များကို ပုဂ္ဂလိကအဖွဲ့အစည်းများဖြင့် ချိတ်ဆက်၍ စစ်ဆေးပြုလုပ်နိုင်ခြင်း၊

(ဂ) ဗီယက်နမ်၏ ၂၀၀၁ – ၂၀၁၀ ခုနှစ် ၁၀ နှစ်တာ ပို့ကုန်မဟာဗျူဟာစီမံကိန်းတွင် အရည်အသွေးပိုင်းကို အဓိကထည့်သွင်းထားခြင်းတို့ ဖြစ်ပါသည်။[25]

၂၆။ ဗီယက်နမ်နိုင်ငံ၏ ကုန်ပစ္စည်းထုတ်လုပ်ခြင်းနှင့် အရည်အသွေးဆိုင်ရာဥပဒေ (The Law on Product and Goods Quality) တွင် တွေ့ရှိရသောအချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

(က) ကုန်ပစ္စည်းထုတ်လုပ်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူများ၏ တာဝန်နှင့်အခွင့်အရေးများကို အလေးအနက်ထားခြင်း၊

(ခ) နိုင်ငံတော်၏ အရည်အသွေးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုတာဝန်များကို တိတိကျကျ ပြဋ္ဌာန်းထားခြင်း၊

(ဂ) ထုတ်ကုန်များနှင့် ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းကို အစိုးရမူဝါဒများဖြင့် မြှင့်တင်ထားခြင်း၊

(ဃ) ကုန်ပစ္စည်းအရည်အသွေးနှင့်စပ်လျဉ်းသော အသိပညာမြှင့်တင်ခြင်းနှင့် သတင်းအချက်အလက် ရရှိနိုင်မှုတို့ကို စဉ်ဆက်မပြတ် မြှင့်တင်ထားခြင်း၊

(င) ထုတ်လုပ်ခြင်းအပိုင်း ၊ ပို့ကုန်နှင့် သွင်းကုန် အပိုင်း၊ ဖြန့်ဖြူးခြင်းအပိုင်း စသည့် အပိုင်း ၃ ပိုင်းစလုံးတွင် အရည်အသွေးစီမံခန့်ခွဲမှုကို အခြေခံတည်ဆောက် ထားခြင်း၊

(စ) အငြင်းပွားမှုများကိုဖြေရှင်းခြင်းနှင့် ပျက်စီးဆုံးရှုံးမှုအတွက်လျော်ကြေးဆိုင်ရာကိစ္စရပ်များအတွက် အခန်းတစ်ခန်းဖြင့် သီးသန့်ပြဋ္ဌာန်းထားခြင်း စသည့်အချက်များပါဝင်ပါသည်။

---

[25]The law on product and goods quality၊ {available from: https://vietnamlawmagazine.vn/draft-law-on-quality-of-products-and-goods-1321.html} {accessed date 2020,July 6}

၂၇။ ဗီယက်နမ်နိုင်ငံ၏ အဆိုပါဥပဒေ၏ ရည်ရွယ်ချက်မှာ စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့ ထုတ်လုပ်သော ကုန်ပစ္စည်းများ၏ အရည်အသွေးအတွက် ကိုယ်တိုင်စီမံခန့်ခွဲနိုင်ရန်နှင့် တာဝန်ခံမှု ရှိစေရန်၊ ထုတ်ကုန်များနှင့် ကုန်ပစ္စည်းများ၏အရည်အသွေးကို မြင့်မားစေရန်နှင့် သင့်လျော်သော အရည်အသွေးအဆင့်ကို ဆုံးဖြတ်နိုင်ရန်၊ စီးပွားရေးလုပ်ငန်းရှင်များသည် စားသုံးသူများအတွက် ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် ကုန်ပစ္စည်းအရည်အသွေးပြည့်ဝစေရန် နိုင်ငံတော်မှထုတ်ပြန်ထားသည့် အရည်အသွေးစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို အတိအကျလိုက်နာစေရန်၊ စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ထုတ်ကုန်များနှင့် ကုန်ပစ္စည်းများ၏အရည်အသွေးနှင့်စပ်လျဉ်း၍ မှန်ကန်သောသတင်းအချက်အလက်များကို ကြေညာရန်နှင့် ၎င်းတို့၏ထုတ်ကုန်များနှင့် ကုန်ပစ္စည်း များကြောင့် ဖြစ်ပေါ်လာသော ပျက်စီးဆုံးရှုံးမှုများကို လျော်ကြေးပေးရန်တို့ ဖြစ်ပါသည်။[26]

## သုံးသပ်ချက်

၂၈။ အိန္ဒိယနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ပို့ကုန်ကဏ္ဍတွင် ဦးဆောင်နေသည့်နိုင်ငံများစာရင်း တွင်ပါဝင်နေခြင်းမှာ ပို့ကုန်အရည်အသွေးထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့်ဥပဒေများကို ခိုင်ခိုင်မာမာ ပြဋ္ဌာန်းနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၌ အရည်အသွေးစစ်ဆေးမှုတွင် ပွင့်လင်းမြင်သာမှု ရှိစေရန်နှင့် အဂတိကင်းရှင်းစေရန် ရည်ရွယ်၍ အရည်အသွေးစစ်ဆေးခြင်းအဖွဲ့ကို တတိယ အဖွဲ့အစည်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဗီယက်နမ်နိုင်ငံတွင်မူ ပုဂ္ဂလိကကဏ္ဍမှ အဓိက တာဝန်ယူဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။ ၎င်းနိုင်ငံများတွင် စာသုံးသူအပေါ် အလေးထားမှု၊ ထုတ်လုပ်သူများသည် ၎င်းတို့၏ထုတ်ကုန်ပစ္စည်း အရည်အသွေးအပေါ် တာဝန်ယူ တာဝန်ခံမှု၊ မူဝါဒကောင်းများနှင့်အတူ ယှဉ်ပြိုင်နိုင်စွမ်းရှိမှု၊ သတင်းအချက်အလက် မှန်ကန်မြန်ဆန်စွာ စီးဆင်း စေနိုင်မှုနှင့် အသိပညာပေးမြှင့်တင်ပေးနိုင်မှု စသည့်ရလဒ်ကောင်းများရရှိစေသည်ကို သင်ခန်းစာ အဖြစ် ထုတ်နုတ်ရယူနိုင်ပါကြောင်း သုံးသပ်တွေ့ရှိရပါသည်။

[26] Ibid

## နိဂုံး

၂၉။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပို့ကုန်မြှင့်တင်ခြင်းဖြင့် ကြိုးစားနေကြသည့်အလျောက် ကမ္ဘာ့ဈေးကွက်တွင် ပြိုင်ဆိုင်မှုပြင်းထန်၍ သတ်မှတ်ထားသည့် အရည်အသွေး၊ စံချိန်စံညွှန်းများကို လိုက်နာရန် အထူးအရေးပါလျက်ရှိသောကြောင့် ပို့ကုန် အရည်အသွေးပိုင်းဆိုင်ရာစီမံခန့်ခွဲမှုကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံအလိုက် အရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များ သာမက အာဆီယံကဲ့သို့သော လွတ်လပ်သောကုန်သွယ်မှုနယ်မြေအတွက် ဘုံအရည်အသွေး သတ်မှတ်ချက်များ (Common quality standard) စသည်တို့ကို ပို့ကုန် လုပ်ငန်းရှင်များ သာမက ထုတ်လုပ်သူများအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အထူးလိုအပ်လျက်ရှိသည့်အပြင် အစိုးရအနေဖြင့် အရည်အသွေးပိုင်းကို အာမခံပေးမည့် အားကောင်းသည့်ယန္တရားတစ်ခု ထူထောင်ရန် လိုအပ်လျက်ရှိနေပြီဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

**သုတေသနဌာန**

**ပြည်သူ့လွှတ်တော်ရုံး**

**ဤစာတမ်းတိုအား ဒေါ်သူဇာကိုကို (ဒုတိယဦးစီးမှူး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ပိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅